ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မိုးကောင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## ဆီးဒင်ယံကျေးရွာ၊ ဆီးဒင်ယံအုပ်စု


၂၀၁၇ခုနှစ်

မိုးကောင်းမြို့နယ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၃-၄ |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၆-၇ |
| | (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၉ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၀ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၁-၁၂ |
| | (စ) ဗင်းပုံစံ | ၁၃ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၄-၁၅ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၆ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၇ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ | ၁၈-၁၉ |
| ၈ | ကော်မတီဝင်များစာရင်း | ၂၀ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၁-၂၃ |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၄ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၅-၂၆ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | ၂၇ |
| ၁၃ | အစည်းအဝေးမှတ်တမ်းများ | ၂၈-၃၁ |
| ၁ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | |

၂။ ဆီးဒီးယံကျေးရွာမြေပုံ(တည်နေရာ)



## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ဆီးဒင်ယံကျေးရွာအုပ်စု
(၁) ဆီးဒင်ယံကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ဆီးဒင်ယံအုပ်စု၊ဆီးဒင်ယံကျေးရွာ

ဆီးဒင်ယံကျေးရွာအုပ်စုကို မုန်းဝမ်းဒေသတွင်နေထိုင်သောခန္တီးရှမ်းလူမျိုးများဦးဆုံးနေထိုင်ခဲ့ကြသည်။ ဆီးဒင်ချောင်းကို"နမ့်ဆေတဲင့်"ဟုခေါ်တွင်ခဲ့ပါသည်ထို့နောက်ပိုင်းတွင်ဆီးဒင်ရွာ၏မြောက်ဘက်ရှိတောင်တန်းရှည်(ရှမ်းအခေါ်-လွယ်ဖာ့ကန့် ခြုံတဘက်ဖြင့်ချထားသည့်ပုံစံရှိ၍)၏တောင်ခြေတွင် ကချင်လူမျိုးအိမ်ခြေ ၂၀ခန့်လာရောက်နေထိုင်ကြသည်။ ထိုအချိန်အခါတွင် အဦးဆုံးနေထိုင်သည့်ခန္တီးရှမ်းများမှာအခြားသို့ပြောင်းရွှေ့ကုန်ကြပြီးမရှိကြတော့ပါ။သို့ဖြစ်၍ကချင်လူမျိုးတို့ကတောက်ချုပ်ကြီးဖြစ်လာပြီး မျိုးစုအားဖြင့်လဂမျိုးစုများဖြစ်ကြသည်။

၁၉၅၁ ခုနှစ်ခန့်တွင် ဦးစံဆိုး(ယခုသက်ရှိထင်ရှား)၊ပူလွယ်လုံအပါအဝင် ၁၀ အိမ်ထောင်စုတို့သည်ရေရှင်မှနေ၍ဆီးဒင်ရွာသို့ပြောင်းလာပြီး ပူလွယ်လုံက-ကချင်စကားတတ်၍တောင်ချုပ်ကြီးထံကျွဲ-၃ကောင်းပေး၍ နေထိုင်ခွင့်တောင်းခဲ့ရာ တောင်ချုပ်ကြီးက ကချင်များသည် (ယခုကက်သလစ်လက်ဝါးကပ်တိုင်ရှိရာ)ကုန်းမြင့်ကလေးမှ လွယ်ဖါ့ကန့်တောင်ခြေဘက်ထိနေထိုင်ရန်နှင့် ကုန်းမြင့်ကလေးမှမြေပြန့်ဘက်တွင်ရှမ်းနေထိုင်ရန် သက်မှတ်ပေးခဲ့သည်။ ရှမ်းလူမျိုးပူလွယ်လုံ(မူရင်းနေရပ်ကောလင်း)က ပထမဦးဆုံးသူကြီးလုပ်ခဲ့သည်။ ပြီနောက်ခန္တီးရှမ်း ဦးလာလစ်၊သူကြီးလုပ်ခဲ့သည်။၎င်းလက်ထက်တွင် ရှမ်း+ကချင် အိမ်ခြေ ၂၀၀ ကျော်ခန့်ရှိရွာကြီးတစ်ရွာအဖြစ်တည်ရှိခဲ့သည်။ ဆက်လက်၍ ဦးခွန်ဆန်၊ဦးသန်းမောင်တို့သူကြီးလုပ်ခဲ့သည်။ ဦးသန်းမောင်သေဆုံး၍ ဦးစံဆိုးသူကြီးလုပ်ခဲ့သည်။ ဦးစံဆိုးသည် သူကြီးခေတ်မှပထမကောင်စီထိ သူကြီး-ကောင်စီဥက္ကဋ္ဌလုပ်ခဲ့သည်။

ပထမကောင်စီတွင် ဦစံဆိုးသည် ၁၇(၁)ဖြင့်အရေးယူခြင်းခံရပြီး ထောင်၂နှစ်ကျခဲ့သည်။ ထို့နောက်ဦးပေါင်းအန်မှကောင်စီ ဥက္ကဋ္ဌဆက်လုပ်ခဲ့သည်။ ဦးပေါင်းအန်လက်ထက်တွင်နယ်မြေအခြေအနေလုံးဝမကောင်း၍ နမ္မတီးရှေ့တန်းရုံးထိုင်တပ်စခန်းမှ ဆီးဒင်ရွာတွင်လူနေအိမ်မနေကြောင်ပြောင်းရွှေ့ကြရန်အမိန့်ထုတ်သဖြင့် တစ်ရွာလုံးပြောင်းရွှေ့ကြရာရွာပျက်ခဲ့ရသည်။နောက်ပိုင်းတွင်မူရင်းနေထိုင်သူအချို့ကမိမိတို့လယ်၊အခင်းမြေများကို နှမြော၍ ရွာပြန်လာပြီးတဲအိမ်ထိုး၍စိုက်ပျိုးလုပ်ကိုက်ကြရင်းနေထိုင်ခဲ့ကြသည်။ ထို့နောက် ၂၀၀၀ခုနှစ်မှစ၍အခြားအရပ်ဒေသရှိသူများသည်နေထိုင်ရန်အခက်အခဲဖြစ်ကြ၍ပြောင်းရွှေ့လာရောက်နေထိုင်ကြရင်းမှ ၂၀၀၅ခုနှစ်တွင် ဦးဘောက်နော်အားအေးချမ်းဖြိုးကောင်စီ ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ခဲ့သည်။

အိမ်ခြေ၂၀ကျော်ဖြင့်ရွာအဖြစ်စတင်နေထိုင်ခဲ့ကြသည် ဆီးဒင်ယံကျေးရွာအုပ်စုသည်ယခင်ကတည်းက ပြည်ထဲရေးစာရင်းဝင်အုပ်စုတစ်စုဖြစ်ခဲ့၍ရွာပျက်သွားသော်လည်းဖွဲ့စည်းပုံမပျက်သဖြင့် ပြည်ထဲရေး စာရင်းဝင်ရွာအဖြစ်ဆက်လက်တည်ရှိလျက်ဖြစ်ပါသည်။

၂၀၁၁-ခုနှစ်မတ်လ ၃၀ ရက်နေ့တွင် ဦးလမူးလတောင်အားကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေး၍ တာဝန်ထမ်းဆောင်ခဲ့ပါသည်။အိမ်ခြေ ၃၀ခန့်ရှိခဲ့သည်။

၂၀၁၅-ခုနှစ်ဧပြီလ ၁ ရက်နေ့တွင် ဦးအောင်မင်းအားကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ်တာဝန် ပေးအပ်ခဲ့၍ ယနေ့ချိန်ထိတာဝန်ထမ်းဆောင်နေလျက်ရှိပါသည်။အိမ်ခြေ ၅၂ အိမ်ရှိပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၅ | ၁၅ | ၂၀ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၁၉ | ၂၃ | ကွဲပြားသောလူမှုစီးပွားရေး အမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသော အသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၅ | ၁၅ | ၂၀ | အမျိုးသမီးများနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များ ကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၉ | ၃၄ | ၄၃ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၉ | ၃၄ | ၄၃ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၄ | ၁၉ | ၂၃ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ မည်ကဲ့သို့သော လုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

**(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ**



လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ  သုံးသပ်ချက်


ဆီးဒင်ယံကျေးရွာအုပ်စုတွင်  ဆီးဒင်ယံကျေးရွာတစ်ရွာတည်ရှိပါသည်။ဆီးဒင်ယံကျေးရွာ၏မြောက်ဘက်တွင်တောင်များကာရံထားပါသည်။ ကျေးရွာ၏အရှေ့နှင့်တောင်ဘက်တွင် လယ်ကွင်းများရှိပါသည်။ဆီးဒင်ယံကျေးရွာတွင်ကချင်နှင့်ရှမ်းလူမျိုးအများဆုံးနေထိုင်ပြီးအခြားလူမျိုးများလည်းနေထိုင်ကြပါသည်။  ဆီးဒင်ယံကျေးရွာတွင်လူဦးရေ(၂၅၉)ဦးရှိပြီး  အိမ်ထောင်စု(၅၂)စုရှိပါသည်။

ထိုအိမ်ထောင်စုများတွင်ကိုးကွယ်သည့်ဘာသာ(၂)မျိုးရှိသည်။  အိမ်ထောင်စု(၁၇)စုကဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး၊ကျန်အိမ်ထောင်စု(၃၅)စုက  ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။

ကျေးရွာအတွင်းရှိရွာလူထုများသည် ကြုံရာကျပန်းအလုပ်ကိုလုပ်ကြသည်။လယ်ယာရှိသူလယ်ယာလုပ်ကိုင်ကြသည်။တောတောင်ထဲတွင် သစ်ခုတ်စားကြသည် ရွားတွင်းမှာရှိသောချောင်းတွင်သဲ၊ကျောက်များရောင်းချ၍စားသောက်ကြသည်။ဆီးဒင်ယံကျေးရွာတွင်  အခြေခံမူလတန်းကျောင်းမရှိသဖြင့်ရွာမှကလေးသူငယ်များ နမ္မတီးမြို့ကံလှကျေးရွာသို့ကျောင်းသွားတက်ရပါသည်။ကလေးသူငယ်များအတွက်မူကြိုကျောင်းလည်းမရှိပါ၊ဆီးဒင်ယံကျေးရွာတွင်ဆေးပေးခန်းနှင့်ကျန်မာရေဝန်ထမ်းမရှိသောကြောင်း လူကြီးနှင့်ကလေးများနေမကောင်းသောအခါ နမ္မတီးမြို့သို့သွားရောက်ကုသရပါသည်။ဆီးဒင်ယံကျေးရွားတွင်ရေသွင်းတူ၍မရနိုင်ပါထိုကြောင့်ရေများလုံလောက်စွာ  အသုံးမပြုနိုင်ကြပါ။

ပံ့ပိုးကူညီသူ            -ဦးမုန်ဝိုင်းအောင်
ပါဝင်ဆွေးနွေးသူ       -ကျား(၅)၊မ(၁၅)

## (၁) ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း




**ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်းပြဇယား သုံးသပ်ချက်**

ဆီးဒင်ယံကျေးရွာတွင်ချမ်းသာအုပ်စု၊အသင့်အတင့်အုပ်စု၊နွမ်းပါးအုပ်စု၊အလွန်နွမ်းပါးအုပ်စု၊အလွန်နွမ်းပါးအုပ်စုဟူ၍(၄)မျိုးရှိပါသည်။ ချမ်းသာအုပ်စုတွင် အိမ်ထောင်စု(၁၀)စုရှိပြီး ကား၊ဆိုင်ကယ် ဥယာန်ခြံ၊အိမ်မြေ၊ကား၊ဈေးဆိုင်၊လယ်ယာ၊ကျွဲနွားတို့ကို တနိုင်တပိုင်မွေးမြူကြသည်။အသင့်အတင့်အုပ်စုတွင် အိမ်ခြံမြေ၊အိမ်ဆိုင်၊ဆိုင်ကယ်၊လယ်ယာ၊ဝက်ကြက် မွေးမြူနေထိုင်ကြပါသည်။နွမ်းပါအုပ်စုတွင်အိမ်ထောင်စု(၁၆)စုရှိပြီး အိမ်ခြံမြေ၊ ဝက်ကြက်မွေးမြူနေထိုင်ကြပါသည်။နွမ်းပါအုပ်စုတွင် အိမ်ထောင်စု(၆)စုရှိပြီး အိမ်ခြံမြေဌာနေထိုင် တနေ့လုပ်တနေ့စားနေထိုင်သူများဖြစ်ကြပါသည်။

ဆီးဒင်ယံကျေးရွာတွင် ဝင်ငွေကောင်းသောအလုပ်အကိုင်အခွင့်အရေးနည်းပါးသည်။ပညာရေးလည်နိမ့်ကျမှုရှိသည်။ ကျန်းမားရေးလက်မှီမှုလည်မရှိပါ ၄င်းဆင်းရဲနွမ်းပါးသောအိမ်ထောင်စုပဂ္ဂိုလ်များအား မိမိကျေးရွာတွင်စီမံကိန်းများချမှတ်ရာတွင် ထိုက်တန်သောလုပ်အားခများပေးဆောင်ပြီး၊အခြေခံပညာမူလတန်းကျောင်းကို ဆောက်လုပ်ခြင်းဖြင့်ကျေးရွာလူထုများအားဝင်ငွေရရှိစေပြီးကလေးငယ်များကိုလဲ ပညာရေးအဆင့်အတန်းမြင့်မားစေနိုင်ပါသည်။

ပွဲပိုးကူညီသူ -ဦးမုန်ဝိုင်းအောင်
ပါဝင်ဆွေးနွေးသူ -ကျား(၄)၊မ(၁၉)

## (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း







### ပိုင်ဆိုင်မှုသုံးသပ်ခြင်းပြဇယားသုံးသပ်ချက်

ကျေးရွာအတွင်းရှိ အရင်းအမြစ်များကို အသုံးချသုံးစွဲရာတွင် အမျိုးသမီးများက မွေးမြူရေး၊ စိုက်ပျိုးရေး၊ရောင်းဝယ်ရေး၊အသီးအနှံများကိုသုံးစွဲလုပ်ကိုင်သည်။ အမျိုးသားများကလယ်ယာမြေ၊ ကျွဲနွား၊ကားများကို အသုံးပြုလုပ်ကိုင်ပါသည်။

ရေချောင်းများနှင့်သီးနှံများစိုက်ပျိုးမှုများကို နှစ်ဦးလုံးက အသုံးပြုလုပ်ကိုင်ပါသည်။၎င်းအသုံးပြုသောပစ္စည်းများကိုထိန်းချုပ်မှုများမှာအမျိုးသားများကသာလျှင်အများဆုံးထိန်းချုပ်ပါသည်။၎င်းပစ္စည်းများကိုအသုံးပြုခွင့်ဆုံးဖြတ်ချက်များကို အမျိုးသားအိမ်ထောင်ဦးစီးကသာဆုံးဖြတ်ချက်ချပါသည်။

ကျေးရွာတွင် အရင်းအမြစ်များလုံလောက်စွာမရှိခြင်း၊ဝင်ငွေပုံမှန်မရှိခြင်းတို့ကြောင့်အမျိုးသမီးများလည်း မိမိကိုယ်ကို အားကိုးယုံကြည်မှုများ အားနည်းနေပါသည်။

ပံ့ပိုးကူညီသူ -ဦးမုန်ဝိုင်းအောင်

ပါဝင်ဆွေးနွေးသူ -ကျား(၅)၊မ(၁၅)

## (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း





**ပင့်ကူအိမ်ပြဇယားသုံးသပ်ချက်**

ပင့်ကူအိမ်ပြဇယားများကို ကြည့်ခြင်းအားဖြင့် ဆီးဒင်ယံကျေးရွာရှိအမျိုးသမီးတစ်ချို့၏ မိသားစုသည် အမျိုးသားများကွယ်လွန်ကြတာ အလွန်များ၍ကိုယ်တိုင် ဦးဆောင်မှုများပြားသည်။

အလုပ်အကိုင်မရှိပါ ကြုံရာကျပန်းလုပ်ကိုင်စားသောက်ကြရသည်။ထိုကြောင့်ဝင်ငွေရရှိမှု အလွန်နည်းပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများစွာလိုအပ်ပါသည်။ ဆီးဒင်ယံကျေးရွာတွင်းရှိ ကျေးရွာလူထုတို့သည် လူနည်းစုဖြစ်သဖြင့် ပညာရေးတွင်လည်း လက်လှမ်းမှီမှု အလွန်အားနည်းကြပါသည်။

ပံ့ပိုးကူညီသူ -ဦးမုန်ဝိုင်းအောင်
ပါဝင်ဆွေးနွေးသူ -ကျား(၉)၊မ(၃၄)

(င) ရာသီခွင်ပြ ပြက္ခဒိန်




## ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်


ဆီးဒင်ယံကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ ထိုလယ်ယာလုပ်ငန်းကို အိမ်ထောင်စု ၂၀ခန့်က လုပ်ကိုင်စားသောက်ကြပါသည်။ ရာသီအလိုက်လုပ်ကိုကြပါသည်။ စိုက်ပျိုးရေးမလုပ်သောအချိန်တွင်ကျပန်းအလုပ်လုပ်ကိုင်ကြပါသည်။

ရာသီခွင်ပြ ပြက္ခဒိန်ကိုသုံးသပ်ချက်အရ တစ်နှစ်လုံးခြုံ၍သုံးသပ်လျှင် ဝင်ငွေနည်းထွက်ငွေများပြီး စီးပွားရေးကျပ်တည်းသည် ဟု သုံးသပ်နိုင်ပါသည်။ ဝင်ငွေကောင်းသော အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့်ဖြစ်သည်။

ပံ့ပိုးကူညီသူ -ဦးမုန်ဝိုင်းအောင်
ပါဝင်ဆွေးနွေးသူ -ကျား(၉)၊မ(၃၄)

(စ) ဗင်းပုံစံ





ဗင်းပုံစံ သုံးသပ်ချက်

ဆီးဒင်ယံကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မြစိမ်းရောင်စီမံကိန်ကောမတီအဖွဲ့၊ ဂေါပကအဖွဲ့တို့ဖြစ်သည်။ အဓိကကျသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ဘာသာရေးအဖွဲ့တို့ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့တို့သည် အစိုးရမှအသိအမှတ်ပြုထားသော အဖွဲ့များဖြစ်သည်။ ကျောင်းကော်မတီအဖွဲ့ မြစိမ်းရောင် စီမံကိန်ကောမတီအဖွဲ့တို့သည် ကျေးရွာလိုအပ်ချက်အရဖွဲ့စည်းထားသောအဖွဲ့များဖြစ်သည်။


ကျေးရွာအုပ်ချုပ်ရေးသည် အဖွဲ့အစည်းချိတ်ဆက်မှုအများဆုံးဖြစ်ပါသည်။ သာရေးနာရေးတွင် ဘာသာရေးအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။ပညာရေးနှင့်ပတ်သက်၍ ပညာရေးဌာနကကူညီဆောင်ရွက်ပေးပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲများကျင်းပပေးပါသည်။

ကျေးရွာအဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများသည် အကြောင်းအမျိုးမျိုးကြောင့် ဆက်စပ်မှုရှိပါသည်။


ပံ့ပိုးကူညီသူ -ဦးမုန်ဝိုင်းအောင်
ပါဝင်ဆွေးနွေးသူ -ကျား(၄)၊မ(၁၉)

## (ဆ) အမျိုးသား၊အမျိုးသမီး အခက်အခဲများ

### အမျိုးသား



## အမျိုးသမီး



## (ဆ) အမျိုးသား၊အမျိုးသမီး အခက်အခဲများ

အမျိုးသား၊အမျိုးသမီး အခက်အခဲများ သုံးသပ်ချက်

ဆီးဒင်ယံကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် ကလေးများ၏ကျောင်းကြိုပို့ခက်ခဲ့ပြီး ကလေးသူငယ်များကျောင်းနေသင့်သည်အရွယ်တွင်ကျောင်းမနေရပဲ ရှိခဲ့ပါသည်။ ကျေးရွာတွင်းရှိ ကျေးရွာသူ/သားများသည် ဆေးပေးခန်းမရှိသည့်အတွက်ကျန်းမာရေးချို့တဲ့သူများရှိပါသည်။

ရွာတွင် ကလေးမူကြိုကျောင်းမရှိသောကြောင့်ကလေးငယ်များနှင့်မိဘများကြားတွင်အခက်အခဲရှိပါသည်။ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်သောကြောင့်မိုးတွင်းကာလတွင် သွားလာရခက်ခဲသည်။ သောက်သုံးရေခက်ခဲခြင်းကြောင့်(ဝမ်းလျှော၊ဝမ်းပျက်ဖြစ်ခြင်း)များရှိပါသည်။

လျှပ်စစ်မီးကတော့ရှိသည် သို့သော် အိမ်တိုင်းမသုံးစွဲနိုင်ပါ။ အိမ်ထောင်စုသာရှိပြီးအိမ်ယာမရှိခြင်း၊နေစရာအခက်အခဲနှင့်နှစ်စဉ်ကြုံတွေ့ရသည်။ ရွာတွင်းတွင်ရှိသော ချောင်းမှရေများသည် မိုးရာသီတွင် ရွာတွင်းလမ်းကို ဒုက္ခအလွန်ပေးပါသည်။ကျေးရွာရှိလူတိုင်းသည် လုပ်ကိုင်စားသောင်ရန် စိုက်ပျိုးမြေအလုံအလောက်မရှိကြပါ။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါသောကြောင့် စားဝတ်နေရေးအတွက်အခက်အခဲများစွာရှိပါသည်။

## (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)သုံးသပ်ချက်

ကျေးရွာဖွံ့ဖြိုးစေရန်မျှော်မှန်းသောလုပ်ငန်းများတွင် စာသင်းကျောင်းရှိမှသာလျှင်ကလေးများ၏ ပညာရေးမြင့်မားလာမည်ဖြစ်သည်။ ကျန်းမာရေးအတွက် ဆေးပေးခန်းရှိပါက ရွားတွင်းကျန်မာရေးကောင်းမွန်လာမည် ဖြစ်သည်။ရွာတွင်း ကလေးမူကြိုကျောင်းရှိပါက မိဘများသည်အပြင်တွင် အလုပ်ထွက်လုပ်သောလည် မိမိရင်သွေးငယ်များအတွက် စိတ်အေးရမည်ဟု မျှော်မှန်းမိပါသည်။ ရွာတွင်းကျောက်ချောလမ်းများပြုလုပ်ခြင်းဖြင့်သွားလာရလွယ်ကူချင်ပါသည်။ ရေကောင်းရေသန့်ရရှိရန် မျှော်မှန်းပါသည်။ကျေးရွာတွင်လျှပ်စစ်မီးဖူလုံစွာရရှိရန် မျှော်မှန်းပါသည်။

စီမံကိန်းအကောင်အထည်ဖော်နေစဉ်ရွာသားများကိုသာအလုပ်ပေးရန်နှင့်ရွာတွင်းလုပ်အားပေးလုပ်သော သူများကို ဦးစားပေးအလုပ်ပေးရန် မျှော်မှန်းမိပါသည်။

**(ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ သုံးသပ်ချက်**

ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများရွေးချယ်ရာတွင် အမျိုးသား၊အမျိုးသမီးတူညီသောလုပ်ငန်းများမှာ မူလတန်းကျောင်းတည်ဆောက်ခြင်း၊ဆေးပေးခန်းနှင့်မူကြိုကျောင်းများပြုလုပ်ခြင်း၊ရေပေးဝေရေးပြုလုပ်ခြင်းတို့ဖြစ်သည်။

အမျိုးသားများရွေးချယ်သောလုပ်ငန်းများမှာရွာတွင်းလမ်းများပြုပြင်ခြင်း၊ရွာတွင်းလျှပ်စစ်မီးဖူလုံစွာရရှိခြင်းနှင့် ရေသွင်းမြောင်းများပြုပြင်ခြင်းတို့ဖြစ်သည်။

ပံ့ပိုးကူညီသူ -ဦးမုန်ဝိုင်းအောင်
ပါဝင်ဆွေးနွေးသူ -ကျား(၉)၊မ(၃၄)

ဆီးဒီးယံအုပ်စု ၊ ဆီးဒီယံကျေးရွာ VDPရေးဆွဲနေပုံ







စီမံကိန်းမိတ်ဆက် ပထမနေ့ အစည်းအဝေး



စီမံကိန်းကော်မတီဝင်များ ရွေးချယ်မဲထည့်ခြင်း

# ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များစာရင်း

ကျေးရွာအုပ်စု - 　　　　　　　　　　　　　　ရက်စွဲ -

ကျေးရွာ -

| စဉ် | အမည် | ဘာသာ | ကျား/မ | ကော်မတီဝင် | ရာထူး | လက်မှတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးဇော်ထောင် | | | ကျေးရွာကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | |
| ၂။ | ဒေါ်နှင်းဝိုင်း | | | ကျေးရွာကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | |
| ၃။ | ဦးဇော်မြေ | | | ဝယ်ယူရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| ၄။ | ဒေါ်စန်းစန်းရွှေ | | | ဝယ်ယူရေးဆပ်ကော်မတီ | မှတ်တမ်းထိန်း | |
| ၅။ | ဒေါ်ကျုံကြည်ဦး | | | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ဝင် | |
| ၆။ | ဒေါ်ခွန်းကြည် | | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| ၇။ | ဦးရာဇော် | | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | | | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | |
| ၈။ | ဦးရှမ်ရတ် | | | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| ၉။ | ဒေါ်[illegible]ကြည် | | | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | |
| | | | | ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | |
| ၁၀။ | ဦးဇော်ဝင်း | | | အကြံပြုတိုင်ကြားရေးတာဝန်ခံ | ဥက္ကဋ္ဌ | |
| ၁၁။ | ဒေါ်ထုဇော် | | | အကြံပြုတိုင်ကြားရေးတာဝန်ခံ | ဥက္ကဋ္ဌ | |
| ၁၂။ | ဦးဇော်ဦး | | | ကျေးရွာစေတနာ့ဝန်ထမ်း | စေတနာ့ဝန်ထမ်း | |
| ၁၃။ | ဒေါ်ကြာနုပန် | | | ကျေးရွာစေတနာ့ဝန်ထမ်း | 〃 | |
| ၁၄။ | ဦးသိန်းဝင်းဇော် | | | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | |
| ၁၅။ | ဦးမြဲဇော် | | | သားဖွားရေး ဥက္ကဋ္ဌ | ဥက္ကဋ္ဌ | |
| ၁၆။ | ဒေါ်ဇာကျိုင် | | | သားဖွားရေး အဖွဲ့ဝင် | သားဖွားရေးအဖွဲ့ဝင် | |
| ၁၇။ | ဦးရာတု | | | အဖွဲ့ဝင် | [illegible] | |
| ၁၈။ | ဒေါ်ဒေါ်နိန်နိ | | | အဖွဲ့ဝင် | 〃 | |

၁၉

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး အောင် မြင့် | 09-791012418 | ဒေါ်ဇော့ဖန် ဖိုးအောင် |

| | | | |
|---|---|---|---|
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ဆီးဒုံယံ | ကျေးရွာ- ဆီးဒုံယံ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | ၁၀ | ဘာသာ (၁) ဗုဒ္ဓ | ၁၅ |
| လူမျိုးစု (၂) ကချင် | ၃၅ | ဘာသာ (၂) ခရစ်ယာန် | ၃၅ |
| လူမျိုးစု (၃) ဗမာ | ၃ | ဘာသာ (၃) ------------ | – |
| လူမျိုးစုရော ၄ | ၄ | ဘာသာရော ဗုဒ္ဓ+နှစ်မျိုး | ၁ |
| အခြား | – | – | – |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | ခရစ်ယာန် | ၇ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 128 | 131 |
| လူမျိုးစု (၁) ရှမ်း | ၂၇ | ၂၄ |
| လူမျိုးစု (၂) ကချင် | ၈၇ | ၉၄ |
| လူမျိုးစု (၃) ဗမာ | ၂ | ၈ |
| အခြား | ၁၂ | ၅ |
| အိမ်ထောင်ဦးစီး | ၃၂ | ၂၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလု | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* ဖနဲ့ ဓာ၊ဖဝေ၊ ဝန်ထမ်း | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၄ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------အလှူ့----------------

(၂) ----------စီမံကိန်း တာဝန်ခံအဖွဲ့ အစည်း

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်မြင့်

လက်မှတ် [signature] နေ့စွဲ 24.2.017

လူထုစည်းရုံးရေးမှူး အမည် ဦးမြန်မိုးအောင်

လက်မှတ် [signature] နေ့စွဲ 24.2.017

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖေမောင်ဖုန်ဝိုင်း၊ ဒေါ်ဘောက် | | | |
| နေ့စွဲ - 25.2.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ဆီးဒင်ယန် | ကျေးရွာ- ဆီးဒင်ယန် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 24.2.2017 | 24.2.2017 | ၇ ဦး | ၃၄ ဦး | ၄၃ စု | ဗမာ(၆) ရှမ်း(၈)၊ ကချင်(၂၉) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 25.2.2017 | 25.2.2017 | ၁၁ ဦး | ၄၁ ဦး | ၅၂ စု | ရှမ်း(၇) ဗမာ(၃) ကချင်(၄၀) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 25.2.2017 | 25.2.2017 | ၁၁ ဦး | ၄၁ ဦး | ၅၂ စု | ရှမ်း(၇) ဗမာ(၃) ကချင်(၄၀) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 4.4.2017 | 4.4.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 6.4.2017 | 6.4.2017 | ၉ ဦး | ၉ ဦး | ၁၈ စု | ၄(ဗမာ) ကချင်(၇) ရှမ်း(၄) ကရင်(၁) |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 25.4.017 | 25.4.017 | ၉ ဦး | ၉ ဦး | ၁၈ စု | ရှမ်း(၄) ကရင်(၁) ၄(ဗမာ) ကချင်(၇) |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 26.4.017 | 26.4.017 | ၉ ဦး | ၉ ဦး | ၁၈ စု | ရှမ်း(၄) ကရင်(၁) ၄(ဗမာ) ကချင်(၇) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 5.5.2017 | 5.5.2017 | ၄ဦး | ၁၆ဦး | ၂၀ရ | ကချင်(၁၀) | ဗမာ(၁၀) |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 15.5.2017 | 15.5.2017 | 4ဦး | ၁၆ဦး | ၂၀ရ | ကချင်(၁၀) | ဗမာ(၁၀) |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 16.5.2017 | 16.5.2017 | 4ဦး | ၁၆ဦး | ၂၀ရ | ကချင်(၁၀) | ဗမာ(၁၀) |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | 17.5.2017 | 17.5.2017 | 4ဦး | ၁၆ဦး | ၂၀ရ | ကချင်(၁၀) | ဗမာ(၁၀) |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 19.5.2017 | 19.5.2017 | 5ဦး | 4ဦး | ၉ရ | ကချင်(၃) | ဗမာ(4) ရှမ်း(၂) |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 8.6.2017 | 8.6.2017 | 3ဦး | 6ဦး | ၉ရ | ကချင်(၃) ဗမာ(၃) | ရှမ်း(၃) |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 13.6.2017 | 13.6.2017 | 4ဦး | 4ဦး | 8ရ | ဗမာ(၃) ကချင်(၃) | ရှမ်း(၂) |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်*** ၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးမြင့်ငြိမ်းအောင် | | | |
| နေ့စွဲ 25.2.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု ဒီးဒင်ယံ | ကျေးရွာ ဒီးဒင်ယံ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကလေးသူငယ်များ ကျောင်းနေသင့်သည့် အရွယ်တွင် ကျောင်းမနေရ | ၁ | စာသင်ကျောင်း မရှိသောကြောင့် ကလေးများမှ ကျောင်းကိုပို့ခက်ခဲခြင်း |
| ၂ | ကျေးရွာတွင်း၌ ကျေးရွာသူ/သားများသည် ဆေးပေးခန်းမရှိသည့်အတွက် ကျန်းမာရေး ဆိုးကျိုးများ ရှိပါသည်။ | ၂ | များနာသောအခါတွင် ဆေးပေးခန်း မရှိသောကြောင့် ဆေးကုသရာတွင် အခက်အခဲရှိခြင်း |
| ၃ | ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားလာရခက်ခဲသည် | ၃ | ရွာတွင်း ကလေးမူကြိုကျောင်း မရှိသောကြောင့် ကလေးငယ်များနှင့် မိဘများကြားတွင် အခက်အခဲရှိခြင်း |
| ၄ | သုံးရေ အခက်အခဲရှိသည် | ၄ | လျှပ်စစ်မီး မရှိသောကြောင့် ကျေးရွာအိမ်ထောင်စု သုံးသောက်ရန် မရနိုင်ခြင်း |
| ၅ | ရွာတွင်းတွင်ရှိသော ချောင်းမှရေများသည် ရွာတွင်းလမ်းကို ဥက္ကာ အကျိုးပေးပါသည်။ | ၅ | အိမ်ထောင်စု ဘာဂျိုပြီး အိမ်ဖယ်ဖြို့ အခြေနေရာ အခက်အခဲနှင့် နှစ်စဉ် ကြုံတွေ့ရ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စာသင်ကျောင်း တစ်ကျောင်း ရှိချင်သည်။ - မူကြိုကျောင်း | ၁ | မူလတန်းကျောင်း |
| ၂ | ဆေးပေးခန်း ရှိသင့်သည်။ | ၂ | ဆေးပေးခန်း |
| ၃ | ကျောက်ချောလမ်း ဖြစ်ချင်ပါသည်။ | ၃ | မူကြိုကျောင်း |
| ၄ | ရေပေးဝေရေး အဆင့်မြှင့်တင်ချင်သည်။ | ၄ | လျှပ်စစ်မီး လုံလောက်စွာရရှိ |
| ၅ | ရေသွင်းမြောင်း ပြုပြင်ချင်သည်။ | ၅ | ကိုယ်ပိုင်မြေရှိရေး |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း | ( က+မ ) | | |
| ၂ | ဆေးပေးခန်း | ( က+မ ) | | |
| ၃ | ရွာတွင်းကျောက်ချောလမ်း | ( က+မ ) | 20,000,000 | |
| ၄ | ရေသွင်းမြောင်းပြုပြင် | ( က ) | | |
| ၅ | ရေပေးဝေရေး | ( က ) | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အလုပ်ရ ဝန်ထမ်းရရှိရေး | ( မ ) | |
| ၂ | ကိုယ်ပိုင်မြေရရှိရေး | ( မ ) | |
| ၃ | မြေယာဥပဒေဆိုင်ရာအသိပညာပေး စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲများ လုပ်ပေးရန် | ( က ) | |
| ၄ | ပုံမှန်ဝင်ငွေရရှိသောလုပ်ငန်းများ ရှိစေချင်သည်။ | ( က+မ ) | |
| ၅ | အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်ပေးရန် | ( က+မ ) | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဒေါ်နန်းအိုး--- လက်မှတ် ---[signature]--- နေ့စွဲ ---၁၉.၃.၀၁၇---

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး မုန် ဝိုင်း အောင် | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု ဆီး ဒင် ယံ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဆီး ဒင် ယံ | ရေတွင်း ကျောက် ချောလမ်း ခင်းခြင်း | 1700×12′×9″ | ၄၅၇ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 20041825 | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ   အမည် ဒေါ် နန်ဆိုင်း   လက်မှတ် (signature)   ရက်စွဲ 26. 4. 2017

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - ၂ / ၂၀၁၇
အစည်းအဝေးကျင်းပသည့်ရက် - 24.2.2017
အစည်းအဝေးကျင်းပသည့်နေရာ - ဒီးအဲမယ် ဘုန်းကြီးကျောင်း
အစည်းအဝေးကျင်းပသည့်အချိန် - 10 နာရီ မှ ၁၂ နာရီ ထိ
အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၁၁ ဦး / မ ၄၁ ဦး
စုစုပေါင်း ၅၂ (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ ဒီးအဲမယ် ကျေးရွာအုပ်စု စီမံကိန်း လုပ်ငန်း ခွဲများ ဖော်ထုတ်ခြင်း နှင့် ထို စီမံကိန်း တွင် အကောင်အထည်ဖော်မည့် ကော်မတီအသီးသီးများအား ရွေးချယ် ဖွဲ့စည်းခြင်း ဖြစ်သည်။

ဆွေးနွေးချက် ။ ။ ပထမပိုင်း အစည်းအဝေးတွင် အဖွဲ့ (၁၁)ဖွဲ့ခွဲ၍ အမျိုးသမီး၊ အမျိုးသားများ၏ အသက်အသေ ပျက်စီးသနများ ဆွေးနွေး ဖော်ထုတ်ပြီး လိုအပ်ချက် စီမံကိန်း မျှော်မှန်းချက်ကို ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားတို့က မျှော်မှန်းချက်ကို ဖော်ထုတ်နိုင်ခဲ့ပြီး
ဒုတိယ အဆင့်ဖြင့် ဒီးအဲမယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သူက ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းကို အသေးစုံ တက်တက်ကြွကြွ ပါဝင်ကြရန် နှင့် စည်းလုံးစွာ ပါဝင်မှ အမြန်ဆုံးနှင့် ဖွံ့ဖြိုး ပြီး ပြည့်စုံသော ကျေးရွာ ပေါ်မှာ ဖြစ်လာမည် အကြောင်း ပြောကြားခဲ့ပါသည်။
စီမံကိန်း ပထမအဆင့်တွင် အကျိုးမဝင်သော စီမံကိန်းနှင့် အကျိုးဝင်သော စီမံကိန်းကို ခွဲခြား ထင်မြင် ဆွေးနွေးခဲ့ပါသည်။ စီမံကိန်း အကျိုးဝင်/မဝင်ကို ခွဲခြား၍ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့ပါတယ် (၁) မူကြို ကျောင်း (က+ဗ)၊ (၂) ဆေးပေးခန်း (က+ဗ)၊ (၃) ရေပေးဝေရေး (က+ဗ)၊ (၄) ရေသွင်းမြောင်း ပြုပြင် (၅) ရွာတွင်း ကျောက်ခင်းလမ်း ပြုပြင်ရန် (၆) ကျူရှင်စရိတ် (က+ဗ)၊ (၇) သင်တန်းကျောင်း (က+ဗ) စသည့် အစဉ်လိုက် ဦးစားပေး ရွေးကောက်နိုင်ခဲ့ပါသည်။
နောက်ဆုံး ဆွေးနွေးချက်ဖြင့် ကော်မတီ အသီးသီး ရွေးချယ်ရာတွင် အဓိကပြုသူ သုံးဆောင်မှု မရှိသဖြင့် အုပ်ချုပ်ရေးမှူး၏ အကူအညီနှင့် ကော်မတီဝင်များကို ရွေးချယ် ဆွေးနွေးနိုင်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ အီးအေယံ ဥတ္တရပေအကြိမ်အစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အီးအေယံ ရပ်ကွက်နှင့် စီမံကိန်း လုပ်ငန်းစဉ်များကို အောက်ပါ အစဉ်အတိုင်း ဆုံးဖြတ်ချက်ချခဲ့သည်။ (၁) မှုကြို ကျောင်း၊ (၂) ဓလေ့ထုံးတမ်း၊ (၃) ရေပေးဝေရေး၊ (၄) ရေသွင်း မြောင်းပြုပြင် (၅) ရွာလမ်း ကျောက်ချောလမ်း ပြုပြင်ရန်၊ (၆) လျှပ်စစ်မီး ရရှိရန်၊ (၇) စာသင်ကျောင်း စသည့် ဦးစားပေး အစဉ်လိုက် ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။

အီးအေယံ ကျေးရွာ စီမံကိန်းတွင် အကောင်အထည်ဖော်မည့် ကော်မတီ အဖွဲ့ဝင်များကိုလည်း အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။

(၁) ဥက္ကဌ ဦးနော်ဇော်နှင့် ဒေါ်နန်းခိုင်၊ ဝိုင်းထူးရေး ဦး ဒေါ်ရှန်းရှန်းမွေး၊ ဦးဇော်မြေ နှင့် ဒေါ်ပြုံးကြည်၊ မဆ တာနှာ ဝန်ထမ်း ဦးမောင်ဦး နှင့် ဒေါ်နုယဉ်၊ စောင့်ကြည့် ကြီးကြပ် ဦးလှမောင် နှင့် ဒေါ်အုန်းကြည်၊ ဘဏ္ဍာ ပစ္စည်း ထိန်းသိမ်းရေး ဦးခွန်ရတ်နှင့် ဒေါ်အေးကြည် ပေးမည့် အကြံပြု တိုင်ကြားရေး မြွေး ဦးကျော်ဝင်း နှင့် ဒေါ်ရှုရော် နှင့် ကျေးရွာရှေ့ဆောင်းတို့ကို ဦးသိန်းဝင်းမောင် ဟူ၍ ဆုံးဖြတ်နိုင်ခဲ့သည်။

ဘဏ္ဍာရေး စာရင်းကော်မတီကို ဥက္ကဌ - ဦးမြိုးကျော် ၊ စာရင်းကိုင် ဒေါ်လှိုင် အဖွဲ့ဝင် ဦးမှာတူး နှင့် ဒေါ်သန်းနန် ဟု ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - (signature)

အမည် - မောင်ဇော်မိုးအောင်

# အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးအမှတ်စဉ် | - | ၁/၂၀၁၇ |
| အစည်းအဝေးကျင်းပသည့်ရက် | - | 24.2.017 |
| အစည်းအဝေးကျင်းပသည့်နေရာ | - | ဆီးဒီးယပ် ဘုန်းကြီးကျောင်း |
| အစည်းအဝေးကျင်းပသည့်အချိန် | - | 10:30 မှ 5:30 ထိ |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | ကျား ၇ ဦး / မ ၃၄ ဦး |
| | | စုစုပေါင်း ၄၁ (ဦး) |

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ ကျားမ ပေါင်းစပ်ပြု စီမံကိန်း၊ ဆုံးဖြတ်ချက်ချခြင်း၊ စေတနာ့ ဝန်ထမ်း ရွေးချယ်ခြင်း နှင့် ကျားမ အားလုံး ပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း။

ဆွေးနွေးချက် ။ ။ အစည်းအဝေးပထမပိုင်းတွင် ဆီးဒီးယပ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ကျားမ ပေါင်းစပ်ပြု စီမံကိန်း ဆုံးဖြတ်ချက်ခြင်း၊ စီမံကိန်း အကြိမ် ရက်ဝန်း၊ အစီအစဉ် တာဝန်ရှိသူနှင့် ၎င်းတို့၏ တာဝန်များကို CF - ဦးကျော်နိုင်ဝင်း နှင့် CF - ဦးဇော်နိုင်ဦးအောင် တို့က ရှင်းပြ တင်ပြနိုင်ခဲ့ပြီး စေတနာ့ ဝန်ထမ်း ရွေးချယ်ရာတွင် အကြံပြုသူ အမျိုးသမီး/အမျိုးသား မလုံလောက်ပြီ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ အကူအညီနှင့် ကောင်းမွန်စွာ ရွေးချယ်နိုင်ခဲ့ပါသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် ကျားမ အားလုံး ပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း အဆင့် (၁-၁) ဆင့်ကို ကျားမ အမျိုးသမီး အဖွဲ့ (၂) ဖွဲ့ ခွဲ၍ ဆွေးနွေး ရေးဆွဲနိုင်ခဲ့သည်။ အဖွဲ့လုံးကို ပြန်လည် တင်ပြရာတွင် ကျေးရွာ လူထုများအား CF - ဒေါ်ကျော်နိုင်ဝင်းက တင်ပြနိုင်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။ ၃၀ရက်၊ ၃ဝဝေး အုံးပြုတ်ပြုလုပ်တွင် စေတနာဝန်ထမ်းများအား မဲနှိုက်ဖြင့်
ရွေး ချယ်ရာတွင် မဲအများဆုံးနှင့် အမျိုးသား ဦး ကျော်စိုး ရရှိသောကြောင့် အမျိုးသမီးဘက်က
မဲအများဆုံးဖြစ်သည့် ဒေါ်ခင်နှင်းက ဆောင်ရွက်နိုင်ခြင်း အတွေ့အကြုံနည်းသဖြင့် ညှိနှိုင်းသော စိတ်၊
ကောင်းမွန်စိတ်ထားရှိပြီး ဒုတိယမဲအများဆုံး ဖြစ်သည့် ဒေါ်နုယဉ် ကို ရွေးချယ် အတည်ပြုခဲ့ပါသည်။
ရပ်ရွာအား လုံးဝ ရေးဆွဲ ခြင်းကို ...
ကျား-မ အချိုးညီမျှစွာဖြင့် အဖွဲ့ နှစ်ဖွဲ့ ...
လိုအပ်ချက်များ နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများကို ...
ကျား/မ ဆိုင်ရာ ရပ်ရွာလူထုများ၊ ...
မြို့ ကြီးဝ ပြုလုပ်ရ ခြင်းကြောင့်၊ ... ကျား/မ ... လိုအပ်ချက်များကို
ဖော်ထုတ်နိုင်ခဲ့သည်။ ... ဖွံ့ဖြိုးရေး ... ကျား-မ ...
အရေး ... အားလုံးကို ... ဆုံးဖြတ်ချက်ချခဲ့ပါ
သည်။

မှတ်တမ်းတင်သူ

လက်မှတ် - [signature]

အမည် - CF-ဖော်ရမ်မိုးဇော်



၃၁

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | မူလတန်းကျောင်း | ☐ မ ☑ ကျား | အုပ်စု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ရွာလမ်း၊ ကျောက်ချောလမ်း | ☐ မ ☑ ကျား | | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | မူကြိုကျောင်း | ☐ မ ☑ ကျား | | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | ရေပေးဝေရေး | ☐ မ ☑ ကျား | | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | လျှပ်စစ်မီး | ☐ မ ☑ ကျား | | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |